# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

April 5 , 2024 | Volume 77, Number 5

## ကျောက်ဆည်မြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုးထားသော ကြက်ဟင်းခါးပင်များ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ တောင်သူများ အနေဖြင့် တစ်နှစ်ပတ်လုံးဝင်ငွေရရှိစေရေး မိသားစုတစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် စိုက်ပျိုးထားသော ကြက်ဟင်းခါးပင်များ အောင်မြင်ဖြစ်ထွန်းကြောင်းသိရသည်။

ကြက်ဟင်းခါး စိုက်ပျိုးမည်ဆိုပါက နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် အပင်ဖြစ်ထွန်းစေရန် ၈ ပေ အကွာတိုင်များစိုက်ပြီး အနွယ်များပြန့်ပွားနိုင်ရေး ၅ ပေ အမြင့်စင်များပြုလုပ်ကာ တိုင်ခြေနှင့်တစ်ထွာအကွာတွင် အစေ့တိုက်ရိုက်ချ စိုက်ပျိုးနိုင်ကြောင်း၊ အပင်ဖြစ်ထွန်းမှု ကောင်းမွန်စေရန် စိုက်ပျိုးပြီး ၁၅ ရက်ခန့်တွင် အပင်ပတ်လည်၌ အာမိုမြေဩဇာ ဟင်းစားဇွန်းတစ်ဇွန်းခန့်ဖြူးပေးကာ ရေတင်ပေးရကြောင်း၊ ရက်ပေါင်း ၃၀ ခန့်တွင် အပွင့်များစတင်ပွင့်ပြီး ၄၅ ရက်တွင် အသီးများစတင်ဆွတ်ခူးရောင်းချရကြောင်း၊ စတင်ဆွတ်ခူးချိန်တွင် အသီးနည်းသဖြင့် လေးရက်ခြားဆွတ်ခူးရပြီး အသီးလှိုင်ချိန်တွင် တစ်ရက်ခြားဆွတ်ခူးရကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ပန်တံဆိပ် ဘို့တစ်ထောင် ကြက်ဟင်းခါးမျိုးများ အများဆုံး စိုက်ပျိုးကြပြီး မျိုးထုပ်တစ်ထုပ်စိုက်ပျိုးပါက စတင်ဆွတ်ခူးချိန်တွင် ၁၅ ပိဿာခန့် ရရှိပြီး အသီးလှိုင်လှိုင် ထွက်ရှိချိန်တွင် ပိဿာ ၈၀ ခန့်အထိ ဆွတ်ခူးရကြောင်း၊ ဆွတ်ခူးရောင်းချရသည့်သက်တမ်းမှာ အပင်ပြုစုမှုကောင်းမွန်ပါက ခြောက်လခန့်

၅.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၈၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကြာမြင့်ကြောင်းသိရသည်။

https://myawady-net-mm.translate.goog/node/54392

## ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများ အနည်းငယ်ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၉.၃.၂၀၂၄ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် ၇၃၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ်လျှင် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၅၃,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅,၃၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ (၅.၄.၂၀၂၄) ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ်လျှင် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၅၂,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၅၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူ နှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် ၃၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၃၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၃၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၃၀၀ ကျပ်တို့ဖြင့် ဈေးကျဆင်းခဲ့သည်။ ပေါ်ဆန်းမွှေးဆန်အနေဖြင့် ဈေးတည်ငြိမ်လျက်ရှိပြီး ဧည့်မထဆန်၊ ဆန်ကွဲနှင့်ဖွဲနု ဈေးကျဆင်းသွားခြင်းမှာ နွေစပါးသစ်နှင့် ဆန်သစ်များပေါ်လာခြင်း၊ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

Source: **ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် (၆) ခု ခွင့်ပြု

လျှပ်စစ်သုံးယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် (၆) ခုကို ခွင့်ပြုလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၆ ခုကို ခွင့်ပြုပေးခဲ့ကာ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၁၁ သန်းနှင့် ကျပ် ၈၄၅,၅၀၀ ဒသမ ၈၇၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်ပေါင်း ၁၃၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဟုဆိုသည်။

၂၀၂၄ ခုနှစ်၊ မတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း (၅၃) ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့ဖြစ်သည်။

စီးပွားရေးကဏ္ဍ (၁၂) ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026604

## ကန်ဒေါ်လာ၊ ယွမ်နှင့်ထိုင်းဘတ်များ ဗဟိုဘဏ်ရောင်းချပေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၃ သန်း၊ တရုတ်ယွမ် ၂ သန်းနှင့် ထိုင်းဘတ်ငွေ သန်း ၄၀ ကို သွင်းကုန်ပို့ကုန်သမားများအတွက် ဧပြီလ ၃ ရက်နေ့က ရောင်းချပေးသည်။

မတ်လအတွင်းက ဒေါ်လာ ၁၈ သန်း၊ တရုတ်ယွမ် ၁၂ သန်းနှင့် ထိုင်းဘတ် ၃၁၂ သန်း၊ ဖေဖော်ဝါရီလက ဒေါ်လာ ၇၇ ဒသမ ၃၈ သန်းနှင့် ထိုင်းဘတ် သန်း ၈၅၀၊ ဇန်နဝါရီလက ဒေါ်လာ ၆၈ ဒသမ ၃၃ သန်း၊ တရုတ်ယွမ် ၄ ဒသမ ၂ သန်းနှင့် ထိုင်းဘတ် ၃၁၃ ဒသမ ၅ သန်း ရောင်းချပေးသည်။

ဗဟိုဘဏ် သတ်မှတ်ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာ ၂၁၀၀ ကျပ်ဖြစ်ပြီး ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာ ၃၈၈၀ ကျပ်ဝန်းကျင်ရှိသည်။ လက်ရှိတွင် ထိုင်း တစ်ဘတ်လျှင် ၁၀၅ ကျပ်နှင့် တရုတ် တစ်ယွမ်လျှင် ၅၂၆ ကျပ်ရှိသည်။

၂၀၂၃ ဒီဇင်ဘာလ ၅ ရက်မှစတင်ကာ ပုဂ္ဂလိကဘဏ်များကို ရောင်းအားဝယ်အားအပေါ်မူတည်ပြီး နိုင်ငံခြားငွေများကို ဈေးကွက်နှုန်းထားအတိုင်း လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုထားပြီးဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026603

## တရုတ်လျှပ်စစ်ကားထုတ်လုပ်သူများ ထိုင်းဈေးကွက်သို့ဝင်ရောက်

ထိုင်းပြည်တွင်းလျှပ်စစ်ကားဈေးကွက်သည် ပိုမိုဝင်ရောက်လာသော တရုတ်ရင်းနှီးမြှုပ်နှံမှုများကြောင့် လျင်မြန်စွာကြီးထွားလာမည်ဖြစ်ပြီး စားသုံးသူများအားဆွဲဆောင်နိုင်ရန် ထုတ်လုပ်သူများက ဈေးနှုန်းများလျှော့ချရန် လိုအပ်လာပြီဖြစ်ကြောင်း မော်တော်ကားကုမ္ပဏီကြီးများကဆိုသည်။

လျှပ်စစ်မော်တော်ကားမျိုးစုံပါဝင်ပြသသည့် "ဘန်ကောက်နိုင်ငံတကာမော်တော်ကားပြပွဲ" မတိုင်မီ တရုတ်မော်တော်ကားကုမ္ပဏီ ဂရိတ်ဝေါမော်တော် (Great Wall Motor-GWM) ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ Narong Sritalayon က ထိုင်းဈေးကွက်တွင် ဈေးနှုန်းတိုက်ပွဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

MG တံဆိပ်မော်တော်ကားများ ထုတ်လုပ်သည့် ထိုင်း-တရုတ်ဖက်စပ်ကုမ္ပဏီ SAIC Motor-CP ကလည်း လက်ရှိအခြေအနေများကြောင့် ထုတ်လုပ်သူများအကြား ဈေးနှုန်းတိုက်ပွဲဖြစ်လာမည်ဟုယုံကြည်နေပြီး ကုမ္ပဏီဒုဥက္ကဋ္ဌ Mr.Pongsak Lertruedeewattanavong က တရုတ်ကုမ္ပဏီအချို့သည် ထိုင်းနိုင်ငံတွင် မော်တော်ကားတံဆိပ်မျိုးစုံကို ရောင်းချနေသော်လည်း MG ကမူ ကိုယ်ပိုင်တံဆိပ်ကိုသာ ရောင်းချမည်ဖြစ်ကြောင်း၊ ချုံဘူရီတွင် စက်ရုံတည်ထားသည့် SAIC Motor-CP သည် တစ်လလျှင် လျှပ်စစ်ကား ၁,၀၀၀ ထုတ်လုပ်ရန်ရည်ရွယ်ထားပြီး ဈေးနှုန်းတိုက်ပွဲကိုလည်း ရင်ဆိုင်နိုင်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းအစိုးရက ပြည်တွင်းလျှပ်စစ်ကားထုတ်လုပ်မှုနှင့် သုံးစွဲမှုမြှင့်တင်ရန် ထောက်ပံ့မှုများ၊ အကောက်ခွန်လျှော့ချမှုများကို EV3.0 အစီအစဉ်ဖြင့် ဆောင်ရွက်ထားရာ ပါဝင်လိုသည့်ကုမ္ပဏီများအနေဖြင့် ၂၀၂၄ ခုနှစ်မှစ၍ လျှပ်စစ်ကားများကို ထုတ်လုပ်ရမည်ဖြစ်သည်။ SAIC Motor-CP ကုမ္ပဏီသည် အဆိုပါအစီအစဉ်၌ ပါဝင်ခဲ့သည်။

တရုတ်လျှပ်စစ်ကားကုမ္ပဏီ ချယ်ရီမော်တော်ကား၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Omoda & Jaecoo (Thailand ) သည် ၎င်း၏လျှပ်စစ်ကားစက်ရုံကို ထိုင်းနိုင်ငံ၊ ရေယုန်ပြည်နယ် (Rayong)တွင် ဖွင့်လှစ်ရန်နှင့် နောက်နှစ်တွင်ထုတ်လုပ်မှုများ စတင်ရန်ထုတ်ပြန်ကြေညာခဲ့ပြီး ယခုနှစ်တွင် Omoda EV5 နှင့် Jaecoo 7 ကားစီးရေ ၆၀၀၀ ခန့်ကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကားချေးငွေအပေါ် တင်းကျပ်သည့်ဘဏ်စံနှုန်းများကြောင့် တရုတ်နိုင်ငံမှလျှပ်စစ်ကားတင်သွင်းမှုနှင့် ပြည်တွင်းအင်ဂျင်သုံးမော်တော်ကားများထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိမည်ဟု ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်၏ မော်တော်ကား လုပ်ငန်းအသင်းမှ အစေခပိုင်းက ပြောကြားခဲ့သည်။

ကားချေးငွေရယူခွင့်ကို ပိုမိုကန့်သတ်ခြင်းသည် ပြည်တွင်း၌ ပစ်ကပ်ကားများရောင်းချမှုကို ထိခိုက်နိုင်သော်လည်း လူစီးကားနှင့် SUV အမျိုးအစားကားများရောင်းချမှုကို မထိခိုက်စေသင့်ကြောင်း၊ လူစီးကားနှင့် SUV အမျိုးအစားကားများ ဝယ်လိုအားသည်ခိုင်မာဆဲဖြစ်ကြောင်း Mr Pongsak က ပြောကြားခဲ့သည်။

**Source : Bangkok Post**

https://www.commerce.gov.mm/my/article/update-news

## ဗီယက်နမ်နိုင်ငံ၏ပုစွန်တင်ပို့မှု ကမ္ဘာ့ဈေးကွက်တွင်အားကောင်းလာ



၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ပုစွန်တင်ပို့မှု အားနည်းချက်ကို ဖော်ထုတ်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်၏ ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံ ပုစွန်လုပ်ငန်းသည် အဓိကဈေးကွက်များသို့ တင်ပို့မှု တိုးတက်လာခဲ့သည်။ ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ ပုစွန်တင်ပို့မှုသည် ဇန်နဝါရီလမှမတ်လအတွင်း အမေရိကန်ဒေါ်လာသန်း ၆၂၀ ခန့်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၄ ရာခိုင်နှုန်းမြင့်လာခဲ့သည်။ အမေရိကန်နိုင်ငံနှင့်တရုတ်ဈေးကွက်များသို့ တင်ပို့ ရောင်းချမှုမှ ဝင်ငွေသည် ၂၆ ရာခိုင်နှုန်းနှင့် ၁၄၀ ရာခိုင်နှုန်း အသီးသီးတိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

တရုတ်ဈေးကွက်နှင့်ပတ်သက်၍ ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများအသင်း (VASP) မှ Kim Thu က တရုတ်နိုင်ငံသည် ၄င်းတို့ထံသို့ တင်သွင်းမှုအများဆုံးဖြစ်သော အီကွေဒေါနိုင်ငံမှ ပုစွန်တင်သွင်းမှုကိုလျှော့ချခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ပုစွန်တင်သွင်းမှုကို တိုးမြှင့်ခဲ့ကြောင်းပြောကြားခဲ့သည်။ အဆိုပါဈေးကွက်တွင် ဗီယက်နမ်နိုင်ငံသည် ပြိုင်ဘက်ရောင်းချသူများဖြစ်သော အီကွေဒေါ၊ အိန္ဒိယတို့နှင့်ဈေးနှုန်းချင်းယှဉ်ပြိုင်ရသော်လည်း တရုတ်ဝယ်လက်အများအပြားက ဗီယက်နမ်ပုစွန်များကိုသာ အရည်အသွေးမြင့်သည်ဟုယူဆထားသည်။

ပုစွန်လုပ်ငန်းကျွမ်းကျင်သူများ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံအနေဖြင့်လည်း ဈေးကွက်အတွင်း ပင်လယ်စာရောင်းချမှုမှာ ငွေကြေးဖောင်းပွမှုနှင့် ပြည်သူများသုံးစွဲမှုတင်းကြပ်ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် အခက်အခဲများစွာနှင့်ရင်ဆိုင်ခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် တည်ငြိမ်မည်ဟုခန့်မှန်းထားကြောင်းသိရသည်။ အိန္ဒိယ၊ အီကွေဒေါ၊ တရုတ်နှင့် အမေရိကန်တို့၏ အဓိကပုစွန်ရောင်းချသူတချို့နှင့်နှိုင်းယှဉ်ပါက အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့် အမေရိကန်နိုင်ငံကြား သံတမန်ဆက်ဆံရေးကောင်းမွန်လာချိန်တွင် ဗီယက်နမ်နိုင်ငံသည် ပိုမိုအလားအလာကောင်းသည်ဟုယူဆပါသည်။

VASEP ၏ ကိုယ်စားလှယ်တစ်ဦး၏အဆိုအရ တန်ဖိုးထပ်တိုးပြုပြင်ထားသော ပုစွန်ကုန်သည်များသည် နှစ်စဉ်ပုစွန်တင်ပို့မှုစုစုပေါင်းတန်ဖိုး၏ (၄၀-၄၅) ရာခိုင်နှုန်းအထိရှိသည်။ ဗီယက်နမ်ပုစွန်လုပ်ငန်း၏ စီမံဆောင်ရွက်မှုအဆင့်သည် ကမ္ဘာပေါ်တွင် မြင့်မားသောအဆင့်တွင်ရှိပြီး ယင်းသည် ဂျပန်ဈေးကွက်ရှိ ဗီယက်နမ်ပုစွန်များ၏ ယှဉ်ပြိုင်မှုအားသာချက်တစ်ခုဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း အခြားနိုင်ငံများမှာ ပြိုင်ဆိုင်မှုပြင်းထန်နေဆဲဖြစ်သောကြောင့် ယင်းကဏ္ဍကို ဆက်လက်ကြိုးပမ်းရန် အကြံပြုထားသည်။

VASEP ဥက္ကဋ္ဌဟောင်း Ho Quoc Luc ၏အဆိုအရ ဗီယက်နမ်ပုစွန်ထွက်ကုန်များသည် အရည်အသွေးကောင်းမွန်သော်လည်း ဈေးနှုန်းများမှာ မြင့်မားနေသေးလျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးထိန်းသိမ်းရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရန် အကြံပြုထားကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Faw Toyota bZ4X အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Faw Toyota bZ3 အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်

များနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် (၄-၄-၂၀၂၄) ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းသိရသည်။

**Source:** https://www-commerce-gov-mm.translate.goog/

## ဗီယက်နမ်နိုင်ငံကုန်စည်ပြပွဲသည် ပြည်တွင်းပြည်ပ လာရောက်ပြသသူ ၄၈၀ ဦးခန့်ထိ ဆွဲဆောင်

၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ဟနွိုင်းမြို့၌ ဖွင့်လှစ်ခဲ့သော ဗီယက်နမ်နိုင်ငံတကာကုန်စည်ပြပွဲ (Vietnam Expo 2024) သို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၈၀ ခန့် တက်ရောက်ကြကြောင်း The Saigon Times အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။

Hoan Kiem မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲဗဟိုဌာနတွင် ကျင်းပပြုလုပ်လျက်ရှိသည့် လေးရက်ကြာ ကျင်းပသွားမည့် အဆိုပါကုန်စည်ပြပွဲတွင် အီလက်ထရွန်းနစ်ပစ္စည်းများ၊ စက်ယန္တရားများ၊ အစားအသောက်နှင့် နည်းပညာကဲ့ သို့သော လုပ်ငန်းများမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများစွာကို ပြခန်းပေါင်း ၆၀၀ နီးပါးတွင် ပြသထားကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

၃၃ ကြိမ်မြောက် ကုန်စည်ပြပွဲသည် လာရောက်ကြည့်ရှုသူ ၂၀၀၀၀ ကျော်ကို ဆွဲဆောင်နိုင်မည်ဟုမျှော်လင့်ရကြောင်း၊ ပံ့ပိုးကုန်သွယ်မှုပရိုမိုးရှင်းများအပြင် Vietnam Expo 2024 တွင် စီးပွားရေးလုပ်ငန်းများကို အလားအလာရှိသော စားသုံးသူများနှင့်ချိတ်ဆက်နိုင်စေမည့် ၎င်း၏ ပထမဆုံးသော virtual platform ကို မိတ်ဆက်ပေးထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Nguyen Hong Dien မှ ယခုကုန်စည်ပြပွဲတွင် စီးပွားရေး လုပ်ငန်းများအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းကိုပြသရန် အခွင့်အရေးရရှိသကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ လာရောက်ကြည့်ရှုသူများကို မိမိထုတ်ကုန်ပစ္စည်းအားပြသရန် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း ပြောကြားပါသည်။ အဆိုပါကုန်စည်ပြပွဲကို စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) နှင့် Vinexad တို့မှ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Source: The Saigon Times

**(စီးပွားရေးသံမှူးဗီယက်နမ်)**

https://myantrade-gov-mm.translate.goog/

## STOCK EXCHANGE (5.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,957 (Shares) | 17,374,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,300 | 1,625 | 13,645,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,091 | 3,158,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -200 | -2.53% | 7,700 | 7,700 | 7,700 | 2 | 15,400 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 48 | 69,750 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 10 | 25,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 124 | 212,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,700 | 4,700 | 4,500 | 54 | 243,600 | 10,497,598 | 48,289 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 3 | 5,500 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Apr. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.21 | -2.29 | -0.64% | 357.61 | 357.86 | 356.64 | 2,957 | 17,374,300 | 8 | 673,757 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Apr. 2024

| Trading Volume | Trading Value |
|---|---|
| 2,957 (Shares) | 17,374,300 (MMK) |

## Main Board

As of 1:00 pm, 5th Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,957 (Shares) | 17,374,300 (MMK) |

| MYANPIX | 357.21 ▼ 2.29 |
|---|---|
| Total Volume (shares) | 2,957 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 673,757 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,800 | ▼ 50 |